POINT ( Promotion of Indigenous and Nauture Together )

ပွိုင့် ( ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )

သတင်းစာစောင်

Volume - 4, Issue # 1+2   (June 2017)



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဌာနေတိုင်းရင်းသားများအခွင့်အရေးကိုလေ့လာခြင်း

ဥရောပတွင် စက်မှုတော်လှန်ရေးဖြစ်သည့်နောက်ပိုင်း (သက္ကရစ် ၁၈၅၀ ဝန်းကျင်) သဘာဝအရင်းအမြစ်များ အလွန်အကျွံထုတ်ယူသုံးစွဲမှုနှင့် လေထုထဲသို့ ဖန်လုံအိမ်ဓာတ်ငွေ့ အဆမတန်ထုတ်လွှတ်မှုကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးလာခြင်း၊ ရေခဲတောင်များအရည်ပျော်လာခြင်းနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးတုန်းပျောက်ကွယ်ခြင်းများနှင့် သဘာဝဘေးအန္တရယ်များပို၍ ဖြစ်ပေါ်လာပါသည်။

မြန်မာနိုင်ငံတွင်လည်း ဒေသအသီးသီးတွင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများ ဆိုးရွားစွာ ကြုံတွေ့နေရပါသည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်၂၀အတွင်း ၂၀၁၅ ခုနှစ်အထိ ကမ္ဘာပေါ်တွင် သုံးနှစ်ဆက်တိုက် ဒုတိယမြောက် သဘာဝဘေးအန္တရယ် ထိခိုက်လွယ်မှု အများဆုံးအဖြစ် တည်ရှိခဲ့သည်။ ထို့ပြင် သစ်တော ပြုန်းတီးမှုမှာ ဆက်လက်ဖြစ်ပွားနေပြီး ကမ္ဘာပေါ်တွင် နိုင်ငံအလိုက် သစ်တောပြုန်းတီးမှု အမြင့်ဆုံးနိုင်ငံများတွင် ပါဝင်နေပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရယ်များသည် နိုင်ငံနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာထိခိုက်စေပါသည်။

စာမျက်နှာ-၂ သို့ . . .

## မာတိကာ

(၁) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဌာနေတိုင်းရင်းသားအခွင့်အရေးများကို လေ့လာခြင်း။

(၂) အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း။

(၃) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ အမျိုးသားမြေအသုံးချမှု မူဝါဒ မှကောက်နုတ်ထားသော အပိုင်း(၈)တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှု အခွင့်အရေးများ။

(၄) ကျွန်ုပ်တို့၏ ရိုးရာဓလေ့ထုံးတမ်းမြေယာ(Our Customary Land)

(၅) REDD+ရက်ဒ်အပေါင်းဆောင်ရွက်ရန် အလားအလာရှိသောခြေအနေ။

(၆) ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ လှုပ်ရှားမှု များ။

(၇) ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ အသိပညာပေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများ။

ကျေးလက်ဒေသများတွင် စနစ်မကျသော ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် သစ်တောများ အလွန်အကျွံအလွယ်တကူ ထုတ်ယူလာနိုင်သည့် အခြေနေများသည် သစ်တောများနှင့် အခြားသော ဇီဝမျိုးစုံမျိုးကွဲများကို ခြိမ်းခြောက်လျှက်ရှိပါသည်။ သို့သော် သစ်တောမှီခိုတောဌာနေတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာအရ သစ်တောစီမံအုပ်ချုပ်ခွင့်နှင့် မြေယာအခွင့်အရေးများ အသိအမှတ်ပြုမထားပေ။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများ အတင်းအဓမ္မ ပြောင်းရွှေ့ခံရခြင်း၊ စိုက်ပျိုးမြေများဆုံးရှုံးခြင်းနှင့် မြေယာသိမ်းဆည်းခြင်းစသည့် ပြဿနာများ ဖြစ်ပေါ်လာသည်။ မြေယာနှင့် သဘာဝသစ်တောများသည် ကျေးလက်နေဌာနေတိုင်းရင်းသားများအတွက် စားဝတ်နေရေးလုံခြုံမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်နှင့်အမျှ အရေးကြီးသောကြောင့် ဖြစ်ပါသည်။

### အစိုးရ၏ သဘာဝထိန်းသိမ်းရေး စီမံချက်များ

မြန်မာနိုင်ငံတွင် သစ်တောထိန်းသိမ်းရေးအတွက် စီမံချက်များနှင့် အစီအစဉ်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ အမျိုးသားပင်မသစ်တောစီမံကိန်းအရ (၂၀၀၁-၂၀၃၀ **(the 30-year national forestry master plan)** အမြဲတမ်းသစ်တောနယ်မြေတိုးချဲ့ရန် စီစဉ်ထားပြီး အကောင်အထည်ဖော်ဆောင်လျှက်ရှိသည်။ ၄င်းစီမံချက်အရ အမြဲတမ်းသစ်တော နယ်မြေ (ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာ ကွယ်တော ၂၄.၀၅ % မှ ၃၀% နှင့် သဘာဝနယ်မြေကို ၅.၇၅ % မှ ၁၀ %) အထိ ၂၀၃၀ မတိုင်မီ တိုးမြှင့်လုပ်ဆောင်ရန်ရှိပါသည်။ ဤစီမံချက်၏ ရည်မှန်းချက်များ အောင်မြင်ရန်အတွက် ကြိုးဝိုင်းတောများ၊ သဘာဝနယ်မြေများတိုးချဲ့ခြင်း စသည်တို့ကို လုပ်ဆောင်မည်ဖြစ်သည်။

ထို့အပြင် **REDD+**(သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း) ကိုလည်း သစ်တောထိန်းသိမ်းရေး အစီအစဉ်တခုအဖြစ် ကြိုးပမ်းဆောင်ရွက်လျှက် ရှိပါသည်။ ဤကဲ့သို့သော သဘာဝထိန်းသိမ်းရေး စီမံချက်များသည် စားဝတ်နေရေးအတွက် သစ်တောမှီခိုပြီး နေထိုင်ကြသည့် ကျေးလက်ပြည်သူများနှင့် ဌာနေတိုင်းရင်းသားနှင့် ဆက်စပ်နေပါသည်။ အစိုးရ၏သစ်တောထိန်းသိမ်းရေး စီမံချက်များသည်လည်း ဌာနေတိုင်းရင်းသားများနှင့် သစ်တောမှီခိုသော ပြည်သူလူထုများအတွက် စိန်ခေါ်မှုတရပ်လည်းဖြစ်လာသည်။ ကြိုးဝိုင်းများနှင့် ထိန်းသိမ်းနယ်မြေများ သတ်မှတ်လာပါက ဒေသခံများ သစ်တောအသုံးပြုခွင့်နှင့် စီမံအုပ်ချုပ်ခွင့်များ ဆုံးရှုံးလာနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သစ်တောအများစုမှာ တိုင်းရင်းသားဒေသများတွင် တည်ရှိနေသောတွေ့ရပြီး တိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာမြေယာပိုင်ဆိုင်မှု၊ သစ်တောစီမံအုပ်ချုပ်ခွင့်ကို နိုင်ငံတော်၏ မူဝါဒများနှင့် ဥပဒေများတွင် အသိအမှတ်ပြု ကာကွယ်ထားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

## မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသားများ၏ သစ်တောစီမံအုပ်ချုပ်ခွင့်ကို လေ့လာခြင်း



မြန်မာနိုင်ငံ၏ ဥပဒေနှင့် မူဝါဒများသည် တိုင်းရင်းသားများ၏ သစ်တောစီမံအုပ်ချုပ်ပိုင်ခွင့်ကို အတိအကျ အသိအမှတ်ပြု ဖော်ပြထားခြင်းမရှိပေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သည် မြေပေါ်မြေအောက်၊ လေပေါ်လေအောက် သယံဇာတအားလုံး၏ မူလပိုင်ရှင်ဟူ၍ ဖော်ပြထားသည်။

၁၉၉၅ သစ်တောမူဝါဒ(၃.၅)တွင် သစ်တောထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍတိုးတက်ရေးအတွက် ဒေသခံများ၏ ပါဝင်မှုနှင့် (၅.၁၀)တွင် **(people-based development)** လူထုအခြေပြု ဖွံ့ဖြိုးရေးအတွက် သစ်တောကာကွယ်ထိန်းသိမ်းရေးတွင် လူထုပါဝင်မှုကို အားပေးထားသည်။ (၆.၃.၃.၃.၁) တွင် ပြည်သူပိုင်အစုဖွဲ့ပိုင်သစ်တောကို မြှင့်တင်လုပ်ဆောင်ရန် ဖော်ပြထားသည်။ ၁၉၉၂ သစ်တောဥပဒေအရ(၁၃) ဒေသခံများအသုံးပြုနိုင်သော သစ်တောစိုက်ခင်းများ လုပ်ဆောင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။

ဤမူဝါဒနှင့် ဥပဒေများကိုခြေခံပြီး ပြည်သူပိုင်အစုအဖွဲ့ပိုင်သစ်တော **(community forestry)** များတည်ထောင်ခြင်းဖြင့် ဒေသခံများ သစ်တောစီမံအုပ်ချုပ်ခွင့် ပေးထားသည်ကို တွေ့ရပါသည်။ ၄င်းသည် နှစ် ၃၀ ခွင့်ပြုထားသော်လည်း ဥပဒေကြောင်းအရ အသုံးပြုသူများ၏ အခွင့်အရေးကို အပြည့်အဝ အကာအကွယ်ပေးထားခြင်း မရှိပေ။ ထုံးတမ်းစဉ်လာမြေယာပိုင်ဆိုင်ခွင့်နှင့် သစ်တောစီမံအုပ်ချုပ်ခွင့်ကို ကာကွယ်ထောက်ပံ့ပေးထားခြင်းမရှိပေ။ တိုင်းရင်းသားဒေသများ (အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သည့်ဒေသများ) သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေ (၂၀၁၂)အရ အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေများဖြစ်သည်။ ဆိုလိုသည်မှာ တည်ဆဲဥပဒေနှင့် မူဝါဒများသည် ကျေးလက်နေတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာ မြေယာပိုင်ဆိုင်မှု၊ သစ်တောစီမံအုပ်ချုပ်မှုတို့ကို အသိအမှတ်ပြုမထားပေ။

သို့သော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၇ (၅)၊ သစ်တော ဥပဒေ အခြေခံမူ ၃ (င) တို့တွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း သဘောတူညီချက်များကို ပြည်ထောင်စုအစိုးရမှဖြစ်စေ၊ သဘာဝထိန်းသိမ်းရေးကော်မတီမှဖြစ်စေ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖော်ပြထားသည်။ အမျိုးသားမြေအသုံးချမှုမူဝါဒတွင်လည်း တိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာ မြေယာအသုံးပြုခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ကို ဥပဒေတွင် အသိအမှတ်ပြုရန် ဖော်ပြထားသည်။

တိုင်းရင်းသားလူမျိုးများ၏ ရိုးရာမြေအသုံးချမှု အလေ့အကျင့်များကို သိရှိလိုက်နာကျင့်သုံးရေးအတွက်လည်းကောင်း၊ ရိုးရာမြေအသုံးချမှု အခွင့်အရေးအပြည့်အဝရရှိရေးအတွက်လည်းကောင်း၊ ယင်းအခွင့်အရေးကို ကာကွယ်နိုင်ရေးအတွက်လည်းကောင်း၊ ဘက်မလိုက်သော အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို အသင့်အသုံးပြုနိုင်ရေးအတွက်လည်းကောင်း ရိုးရာမြေအသုံးချမှုစနစ်ကို အမျိုးသားမြေဥပဒေ၌ ပြဋ္ဌာန်းပေးရမည်။

(စာပိုဒ် ၆၄ - အခန်း ၈)

၎င်းမူဝါဒအရ တိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာ သစ်တောစီမံအုပ်ချုပ်မှုကို အသိအမှတ်ပြုပေးရမည်ဖြစ်သည်။ သို့သော် တိုင်းရင်းသားများ၏ မြေယာနှင့်ဆိုင်သည့် ရိုးရာအခွင့်အရေးများနှင့် အသုံးပြုခွင့်အား ဥပဒေအဖြစ် ဖော်ဆောင်နိုင်ခြင်း မရှိသေးပေ။

## မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသားများ၏ သစ်တောစီမံအုပ်ချုပ်ခွင့်ကို လေ့လာခြင်း

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတာချုပ်ကို ၁၉၉၄တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ လက်မှတ်ထိုးထားသောနိုင်ငံများသည် မိမိတို့နိုင်ငံတွင် ၎င်းစာချုပ်ပါအချက်များကို ပြန်လည်အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။ ၎င်းစာချုပ်၏ အပိုဒ်(၈)(ည)တွင် ဌာနေတိုင်းရင်းသားများ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ဓလေ့၊ ဗဟုသုတများကို အသုံးပြုခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုကို အသိအမှတ်ပြုထားသည်။ ထို့ကြောင့် မြန်မာအစိုးရသည် တိုင်းရင်းသားများ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုကို အသိအမှတ်ပြု အကောင်အထည်ဖော်ပေးရန် တာဝန်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကို (United Nations Framework Convention on Climate Change-UNFCCC) ၁၉၉၄ ခုနှစ်တွင် လက်မှတ်ထိုးခဲ့ပါသည်။ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်အောက်တွင် (REDD+) သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်တခုကို မြန်မာနိုင်ငံတွင်လည်း ၂၀၁၁ မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ REDD+တွင် ဌာနေတိုင်းရင်းသားများ၏ မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတများကို အကောင်အထည်ဖော်မည့်နိုင်ငံမှ အသိအမှတ်ပြုရမည်ဟု ဖော်ပြထားသည်။ REDD+ လုံခြုံစိတ်ချမှုအစီအမံတွင် အခြေခံမူ (၁)တွင် REDD+ အစီအစဉ်များသည် မြေယာများ၊ နယ်နိမိတ်များ သဘာဝသယံဇာတနှင့် စပ်လျဉ်းသသော အခွင့်အရေးများကို အသိအမှတ်ပြု လိုက်နာရမည်။ တည်ဆဲဥပဒေအရသာမက မိရိုးဖလာပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ ဝင်ရောက်ခွင့်၊ စီမံအုပ်ချုပ်ခွင့်နှင့် ဆိုင်သည့်အခွင့်အရေးများ ပါဝင်ရမည်။ ၎င်းတို့ကို အသိအမှတ် ပြုလိုက်နာရမည့် လုပ်ငန်းစဉ်ကို ထည့်သွင်းရေးဆွဲရမည်။

သစ်တောထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ်နှင့် REDD+အစီအစဉ်သည် တိုင်းရင်းသားများ သစ်တောစီမံအုပ်ချုပ်ခွင့် တရားဝင်လုပ်ဆောင်နိုင်သည့် နည်းလမ်းများဖြစ်ပါသည်။ ထို့အပြင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ်အရ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ ရိုးရာအရ ထိန်းတောများအား (Indigenous Peoples' and Community Conserved Territories and Areas) ထိန်းသိမ်းခွင့်ရှိပါသည်။ REDD+တွင်လည်း ဌာတိုင်းရင်းသားများ၏ သစ်တောစီမံအုပ်ချုပ်မှုကို အစိုးရအနေဖြင့် အသိအမှတ်ပြုပေးရန်နှင့် ဥပဒေအရတရားဝင်ဖြစ်လာအောင် ဆောင်ရွက်ပေးရန် ဖော်ပြထားပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၇ (၅)၊ သစ်တောဥပဒေ အခြေခံမူ ၃ (င) အရ ဌာနေတိုင်းရင်းသား၊ ကျေးလက်နေပြည်သူများ၏ ထုံးတမ်းစဉ်လာ မြေယာပိုင်ဆိုင်မှုနှင့် သစ်တောစီမံအုပ်ချုပ်မှုကို ဥပဒေတွင် အသိအမှတ်ပြုကာကွယ်ပေးရမည် ဖြစ်သည်။

လွန်ခဲ့သောဆယ်နှစ်စုများတွင် ကျေးလက်ဒေသများသည် စိတ်ဝင်စားမှု အနည်းဆုံးခံရသော ဒေသများဖြစ်ခဲ့ပါသည်။ ယခုအခါ လမ်းပန်းဆက်သွယ်ရေး တဖြည်းဖြည်းကောင်းမွန်လာခြင်းနှင့်အတူ ဒေသအပေါ် လူများ၏ အမြင်သည်လည်း ပြောင်းလဲလာခဲ့ပါသည်။ အထူးသဖြင့် သစ်တောကောင်းမွန်သောဒေသများနှင့် ရေအရင်းအမြစ်ရှိသော ဒေသများကို အကျိုးအမြတ်ရရှိရေးအတွက် လူအများအာရုံစိုက်လာသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံ၏ အချို့သောဒေသများတွင် လမ်းပန်းဆက်သွယ်ရေးနှင့်အတူ အစိုးရ၏ စိုက်ပျိုးရေး စီမံကိန်းများ၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများနှင့် ကုမ္ပဏီများ၏ စိုက်ပျိုးရေး စီမံကိန်းများ ရောက်လာပြီး ဒေသခံများ မိမိတို့ပိုင်ဆိုင်ခဲ့သော မြေယာများစွာ ဆုံးရှုံးနေရသည်ကို တွေ့ရပါသည်။ ထို့ပြင် သစ်ခိုးထုတ်မှုများ ပိုမိုများပြားလာပြီး သစ်တောများအချိန်တိုအတွင်း ဆုံးရှုံးလာရပါသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း သစ်တောနှင့်ပတ်သက်ပြီး ဌာနေတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာ သစ်တောစီမံအုပ်ချုပ်ခွင့်နှင့် မြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုမထားပေ။ ဌာနေတိုင်းရင်းသားဒေသများတွင် ၎င်းတို့၏ ကောင်းမွန်သောသစ်တော စီမံအုပ်ချုပ်မှုများရှိပါသည်။ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုကို ဖော်ဆောင်နိုင်ရန်အတွက် ဒေသခံများ၊ သစ်တောမှီခိုသော ပြည်သူများ၊ ဌာနေတိုင်းရင်းသားများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးပါသည်။ ၎င်းတို့၏ ပူးပေါင်းပါဝင်မှုမရှိပါက ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ အလှမ်းဝေးနေဦးမည်ဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားဒေသများတွင် တရားဝင်၊ တရားမဝင်သစ်ထုတ်ခြင်း၊ သတ္တုများထုတ်ယူခြင်းနှင့် အခြားသော စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများမှ ဘာဝအား အလွန်အကျွံ ထုတ်ယူသုံးစွဲမှုကြောင့် သစ်တောများ များစွာဆုံးရှုံးနေရပါသည်။ ဤကဲ့သို့ သစ်တောများပြုန်းတီးလာမှုကို လျှော့ချနိုင်ရန်နှင့် ရေရှည်တည်တံ့သော သဘာဝထိန်းသိမ်းရေးကို ဖော်ဆောင်ရာတွင် သစ်တောနေပြည်သူများနှင့် ဌာနေတိုင်းရင်းသားများ၏ သစ်တောစီမံအုပ်ချုပ်ခွင့်နှင့် မြေယာပိုင်ဆိုင်ခွင့်သည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာမြေယာပိုင်ဆိုင်မှုနှင့် သစ်တောစီမံအုပ်ချုပ်မှုကို မြှင့်တင်ပေးရန်နှင့် တိုးတက်လာအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ၎င်းတို့ကို အစိုးရ၏ သဘာဝထိန်းသိမ်းရေးစီမံချက်များ၊ မူဝါဒနှင့် ဥပဒေများအားဖြင့် အသိအမှတ်ပြု ထောက်ပံ့ပေးရန်လိုအပ်ပါသည်။

ဆလိုင်း လိန်းဟုန်း
ပို့ဂြင့် ( ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )




# အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း

ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်နေသော ဌာနေတိုင်းရင်းသားများ ဦးရေမှာ သန်းပေါင်း ၃၇၀ ခန့်ရှိပြီး၊ နိုင်ငံပေါင်း ၉၀တွင် ဖြန့်ကျက် နေထိုင်လျှက်ရှိပါသည်။ ဌာနေတိုင်းရင်းသားများသည် ဘာသာစကား ၇၀၀၀ ခန့်နှင့် ယဉ်းကျေးမှုဓလေ့ထုံးတမ်းစဉ်လာပေါင်း ၅၀၀၀ခန့်ကို ထိန်းသိမ်းကျင့်သုံးလျှက်ရှိပြီး၊ ကမ္ဘာ့လူဦးရေ၏ အဆင်းရဲဆုံး ၁၅%ထဲတွင် ပါဝင်လျှက်ရှိပါသည်။

> “ ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အစရှိသည့် နေ့စဉ်ဘဝဆိုင်ရာ အရေးအရာများကို နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးနေသူများ ဖြစ်ကြပါသည်။ သဘာဝတောတောင်၊ ရေ၊ မြေများနှင့် တွဲဖက်လျှက် ရှင်သန်နေခြင်းသည် ဌာနေတိုင်းရင်းသားများတို့၏ ထူးခြားသော သွင်ပြင်လက္ခဏာ တစ်ရပ်ဖြစ်ပါသည်။ လက်ရှိ ခေတ်ပေါ် လူမှုအသိုင်းအဝိုင်းတို့၏ နေထိုင်မှုစနစ်များနှင့် မတူညီဘဲ ခြားနားစွာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်လျှက်ရှိနေသောသူများသည် ဌာနေတိုင်းရင်းသားများပင် ဖြစ်ပါသည်။ ”

ဌာနေတိုင်းရင်းသားများသည် ထိခိုက်လွယ်၍၊ အခွင့်အရေးများဆုံးရှုံးနေသော လူမျိုးစုများဖြစ်ပြီး၊ ၄င်းတို့၏ဖြစ်တည်မှု၊ ဓလေ့ထုံးတမ်းမြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝသယံဇာတများလည်း ချိုးဖောက်ခံနေရသည်။ ကမ္ဘာ့လူမှုအဖွဲ့အစည်းအများစုသည်လည်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ထူးခြားသောဓလေ့များကို အသိအမှတ်ပြုလာကြပြီ ဖြစ်ပါသည်။




၂၀၁၇ခုနှစ်သည် ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေငြာစာတမ်း၏ ၁၀နှစ်ပြည့် နှစ်ပတ်လည် ဖြစ်ပါသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့် ၂၀၀၇၊ စက်တင်ဘာလ ၁၃ ရက်နေ့ တွင် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေငြာစာတမ်း စတင်မွေးဖွားခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် ဌာနေတိုင်းရင်းသားများအကြား အပြန်အလှန် လေးစားလျှက် အခွင့်အရေးများကို အသိအမှတ်ပြုပြီး အတူတကွ ဖော်ဆောင်သွားကြရန် သမိုင်းမှတ်တိုင်ကို ချမှတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားအခွင့်အရေးကြေငြာစာတမ်းသည် ဌာနေတိုင်းရင်းသားတို့၏ အခြေခံရပိုင်ခွင့် (မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝသယံဇာတများ)တို့နှင့် ပတ်သက်၍ လွတ်လပ်စွာကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်ရှိလာစေရန် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းနှင့် ဆီလျှော်စွာ အစပြုနိုင်ခဲ့ပြီဖြစ်ပါသည်။

ဆယ်စုနှစ်များကြာပြီးနောက် ဌာနေတိုင်းရင်းသားများခွင့်အရေးကြေငြာစာတမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် အောင်မြင်မှုများရှိပါသည်။ သို့သော်လည်း အချို့နိုင်ငံများတွင် မူဝါဒရေးသားသောအစိုးရများနှင့် ဌာနေတိုင်းရင်းသားများအကြား ကွာဟမှုများရှိနေပါသေးသည်။

ဌာနေတိုင်းရင်းသားများ အခွင့်အရေးများနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများထဲတွင် ဖိလပိုင်နိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အထူးဥပဒေကို ပြဌာန်းနိုင်ခဲ့သော ကမ္ဘာ့ပထမဦးဆုံး နိုင်ငံဖြစ်ပါသည်။ ထို့အတူ အင်ဒိုးနီးရှားနိုင်ငံသည်လည်း ဒုတိယနိုင်ငံဖြစ်ပါသည်။ အီကွေဒေါ၊ မက်ဆီကို၊ ဘိုလ်လီးဗီးယားစသော လက်တင်အမေရိကနိုင်ငံများသည်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဌာန်းနိုင်ခဲ့ပြီဖြစ်သည်။ ချီလီ၊ ဩစတေးလျ၊ နယူးဇီလန်နှင့် အဖရိကတိုက်ရှိ ကွန်ဂိုနိုင်ငံများသည်လည်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်ရေးဆွဲရန် လုပ်ဆောင်နေကြပါသည်။

ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးအတွက် အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့၏တိုင်းပြည်အလိုက် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ ဘဏ္ဍာငွေများသတ်မှတ်ခြင်းနှင့် နည်းပညာဆိုင်ရာစွမ်းရည်များ မြှင့်တင်ခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်သွားကြရန်လိုအပ်ပါသည်။ သို့မှသာလျှင် ဌာနေတိုင်းရင်းသားတို့၏ ရပိုင်ခွင့်ဖြစ်သော လူ့ဂုဏ်သိက္ခာ၊ မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝသယံဇာတများတို့ကို ကိုယ်ပိုင်ပြဌာန်းစီမံပိုင်ခွင့် အမှန်တကယ်ရရှိလာနိုင်မည်ဖြစ်သည်။

## အပိုင်း(၈)

## တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှု အခွင့်အရေးများ

၆၄။ တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာမြေအသုံးချမှုအလေ့အကျင့်များကို သိရှိလိုက်နာကျင့် သုံးရေးအတွက်လည်းကောင်း၊ ရိုးရာမြေအသုံးချမှုအခွင့်အရေး အပြည့်အဝရရှိရေးအတွက်လည်းကောင်း၊ ယင်းအခွင့်အရေးကို ကာကွယ်နိုင်ရေးအတွက်လည်းကောင်း၊ ဘက်မလိုက်သော အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို အသင့်အသုံးပြုနိုင်ရေးအတွက်လည်းကောင်း ရိုးရာမြေအသုံးချမှုစနစ်ကို အမျိုးသားမြေဥပဒေ၌ ပြဋ္ဌာန်းပေးရမည်။

၆၅။ မြို့နယ်မြေအသုံးချမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမြေအသုံး ချမှုကော်မတီများ ပါဝင်ညှိနှိုင်းဆွေးနွေးသည့် လုပ်ငန်းစဉ်များဖြင့် မြေအသုံးချမှုမြေပုံနှင့် မှတ်တမ်းများကို အောက်ပါတို့အတွက် ပြုစုပြင်ဆင်ရန် တာဝန်ပေးအပ်ရမည် –

(က) တိုင်းရင်းသားလူမျိုးစုများနေထိုင်သည့် သို့မဟုတ် ယင်းတို့၏ စားဝတ်နေရေးအတွက် မြေအရင်းအမြစ်များကို ရိုးရာဓလေ့အရ အသုံးပြုသည့်နယ်မြေဒေသများတွင် မြေကို လက်ဝယ်ထားရှိမှု၊ အသုံးချမှု၊ မြေတည်ရှိမှုနှင့် ခွဲဝေလုပ်ကိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို အမှန်အတိုင်းသိရှိနိုင်ရန်၊

(ခ) မြေအသုံးချမှု စီမံကိန်းများရေးဆွဲရာတွင် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွား ရေးကိစ္စရပ်ကို ထည့်သွင်းစဉ်းစားရန်၊

(ဂ) မြေအသုံးချမှု၊ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများနှင့် ကျူးကျော်မှုများကို ဖြေရှင်းရာတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှန်ကန်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်။

၆၆။ သက်ဆိုင်ရာတာဝန်ရှိအစိုးရဌာန၊ အဖွဲ့အစည်းများသည် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာမြေအသုံးချမှုများနှင့် မှတ်တမ်းများ ပြုစုပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် –

(က) ရိုးရာမြေအသုံးချမှုအလေ့အထများကို ကျွမ်းကျင်သည့် တိုင်းရင်းသားပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ၎င်းတို့ကိုလည်း ပါဝင်ဆောင်ရွက်စေရမည်၊

(ခ) လက်ရှိမြေအသုံးချမှုကို မှတ်တမ်းနှင့် မြေပုံများတွင် ဖော်ပြထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြေအသုံးချလျက်ရှိသည့် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့် ဒေသဆိုင်ရာရိုးရာမြေစီမံအုပ်ချုပ်မှု အလေ့အထများကို အသိအမှတ်ပြုကာကွယ်ရမည်၊

(ဂ) တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများတွင် အဖွဲ့ဝင်ဖြစ်သော အကျိုးသက်ဆိုင်သူတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုပြီး ယင်းတို့၏ မြေအသုံးချမှုကို မှတ်ပုံတင်နိုင်ရန် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းရမည်။

၆၇။ ရှေးရိုးစဉ်လာမြေကို ရိုးရာနည်းလမ်းများဖြင့် စိုက်ပျိုးသော တစ်သီးပုဂ္ဂလအကျိုးသက်ဆိုင်သူများ သို့မဟုတ် အဖွဲ့အစည်းများ၏ မြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အငြင်းပွားမှုအပေါ် ဆုံးဖြတ်သည့် လုပ်ငန်းစဉ်များ၌ တိုင်းရင်းသားလူမျိုး စုခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် အမျိုးသမီးများပါဝင်စေရမည်။

၆၈။ တိုင်းရင်းသားလူမျိုးစုများ ရိုးရာထုံးတမ်းစဉ်လာအရ လုပ်ကိုင်လျက်ရှိသောမြေများသည် သစ်တောမြေ သို့မဟုတ် လယ်ယာမြေ သို့မဟုတ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတို့တွင် အကျုံးဝင်လျက်ရှိပါက မြေအမျိုးအစားနှင့် မြေအတန်းအစားများ ပွင့်လင်းမြင်သာစွာသတ်မှတ်၍ မှတ်ပုံတင်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ အကာအကွယ်ပေး ခြင်းတို့ကို အကျိုးသက်ဆိုင်သူများပါဝင်သည့် လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ အသုံးချလျက်ရှိသည့်မြေများကို မှတ်ပုံတင်ခြင်း၊ မြေအမျိုးအစား ပြန်လည်သတ်မှတ်ခြင်းမပြုသေးမီ အများပြည်သူအကျိုးစီးပွားအလို့ငှာ ဆောင်ရွက်သည့်လုပ်ငန်းများမှအပ အခြားမြေအသုံးချခွင့်ပြုခြင်းအား ယာယီအားဖြင့်ဆိုင်းငံ့ထားရမည်။

၆၉။ အမျိုးသားမြေဥပဒေသစ်ပါ တိုင်းရင်းသားလူမျိုးစုများ၏ ခိုင်မာသောမြေလုပ်ပိုင်ခွင့် အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်များသည် တည်ဆဲဥပဒေများအရ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိ သောမြေများကို နှစ်ရှည်လုပ်ပိုင်ခွင့်ပေးခြင်း သို့မဟုတ် ငှားရမ်းခြင်းကြောင့် မြေအမျိုးအစားပြန်လည်သတ်မှတ်ခြင်းကြောင့် တိုင်းရင်းသားလူမျိုးစုများ ရိုးရာထုံးတမ်းအစဉ်အလာအရ လုပ်ကိုင်လျက်ရှိသော မြေများ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် အကာအကွယ်ဖြစ်ရမည်။

၇၀။ သစ်တောမြေ သို့မဟုတ် လယ်ယာမြေ သို့မဟုတ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် သတ်မှတ်ထားသည့်မြေပေါ်တွင် အလှည့်ကျအနားပေး တောင်ယာမြေများနှင့်စပ်လျဉ်း၍ ရိုးရာမြေအသုံးချမှုအခွင့်အရေးကို မှတ်ပုံတင်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေသစ်တွင် ပြဋ္ဌာန်းရမည်။

၇၁။ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုပြောင်းလဲမှုကို ခုခံနိုင်သည့်စွမ်းရည်များ တိုးတက်စေရန်နှင့် တိုင်းရင်းသားလူမျိုးစုများ၏ စားနပ်ရိက္ခာဖူလုံစေရန်အလို့ငှာ ယင်းတို့၏ မြေလုပ်ပိုင်ခွင့်ခိုင်မာစေရေးနှင့် စိုက်ပျိုးရေးအလေ့အထများ ဖွံ့ဖြိုးတိုးတက်အောင် နည်းပညာ၊ ဘဏ္ဍာငွေနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်များ ပံ့ပိုးပေးရမည်။

၇၂။ အပိုဒ် ၇၀ ပါဖော်ပြချက်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများက ကူညီပံ့ပိုးနိုင်ရန်ဆောင်ရွက်ရမည်။


၇၃။ အမျိုးသားမြေဥပဒေသစ်တွင် တိုင်းရင်းသားလူမျိုးစု မြေအသုံးချမှုအခွင့်အရေးများနှင့် သက်ဆိုင်သော အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရေးအတွက် ရိုးရာတိုင်းရင်းသားအငြင်းပွားမှု ဖြေရှင်းရေး လက်တွေ့လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်ရန် အမျိုးသားမြေဥပဒေသစ်တွင် ပါဝင်စေရမည့်အပြင် အငြင်းပွားမှုဖြေရှင်းရာတွင် တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းအတွင်း လူအများကလေးစား၍ ဩဇာတိက္ကရှိသူများကို ပါဝင်ဆုံးဖြတ်ခွင့်ရှိစေရမည်။

၇၄။ မတရားသိမ်းဆည်းခံရခြင်းကြောင့်ဖြစ်စေ၊ စစ်ဘေးစစ်ဒဏ်ကြောင့်ဖြစ်စေ၊ သဘာဝဘေး အန္တရာယ်ကြောင့်ဖြစ်စေ သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိနေထိုင်လုပ်ကိုင်သောမြေကို စွန့်ခွာသွားရသောတိုင်းရင်းသားများ မိမိနေရပ်ဒေသသို့ ပြန်လည်အခြေချနေထိုင်လိုပါက နိုင်ငံတကာတွင်ကျင့်သုံးနေသော အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးစံများနှင့်အညီ လုံလောက်သည့် မြေလုပ်ပိုင်ခွင့်နှင့် နေထိုင်ခွင့်တို့ရရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးရမည်။

credit - ECDF

ကျွန်ုပ်တို့၏

# ရိုးရာဓလေ့ထုံးတမ်းမြေယာ (Our Customary Land)



**မြေယာပိုင်ဆိုင်မှုနှင့် ပတ်သတ်သည့် ဓလေ့ထုံးတမ်းအမြင်သဘောထားများ -**

**ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲခြင်းစနစ်တွင် မြေ၊ သစ်တောနှင့် ရေ စသည့် သဘာဝ၏ အစိတ်အပိုင်းများသည် ဝိညာဉ်ကမ္ဘာ၏ အစိတ်အပိုင်းများ ဖြစ်ကြသည့်အတွက် မည်သည့်အရာမဆို လူသားတို့ပိုင်ဆိုင်ခွင့် မရှိပေ။ လူသားများသည် ထိုအရာများကို ပြုစုစောင့်ရှောက်သူများသာဖြစ်ကြပြီး နတ်ဆရာများမှ လူမှုအသိုင်းအဝိုင်းနှင့် ဝိဉာဉ်ကမ္ဘာတို့အကြား ဆက်စပ်ပေးသည့် သူဖြစ်သည်။ ဤယုံကြည်ချက်များသည် ရေရှည်တည်တံ့ခိုင်မြဲသည့် လူ့အသိုင်းအဝိုင်း လူနေမှုဘဝအတွက် လိုအပ်သည်များကိုသာ ထုတ်ယူသုံးစွဲသည့်သဘာဝကို အကာအကွယ်ပေးသည့် ဓလေ့ထုံးတမ်းလက်တွေ့ကျင့်သုံးမှုများ ဖြစ်သည်။**

## ကျွန်ုပ်တို့၏ ရိုးရာဓလေ့ထုံးတမ်းမြေယာ ဆိုသည်မှာ -

ဓလေ့၊ ထုံးတမ်း၊ အစဉ်အလာ၊ ဘိုးဘွားစဉ်ဆက်၊ မိရိုးဖလာ၊ ရိုးရာသဘာဝ (သို့မဟုတ်) လုပ်ရိုးလုပ်စဉ်နှင့် ဌာနေတိုင်းရင်းသာများ နှစ်ပေါင်းထောင်နှင့်ချီ ၄င်းတို့ရပ်ရွာ ပြဿနာအသီးသီးဖြေရှင်းရာတွင် အဘက်ဘက်မှ နှစ်နာမှုမရှိစေရန် ဓလေ့ထုံးတမ်းဥပဒေဖြင့် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကျင့်သုံးလာခဲ့သော ရပ်ရွာစီမံအုပ်ချုပ်သည့် မိရိုးဖလာစနစ်ဖြစ်သည်။ ထို့အတူ လက်ရှိရပ်ရွာများအတွင်း ရွာ၏ တည်ဆောက်ပုံအခြေအနေပေါ်မူတည်ပြီး ခေတ်အဆက်ဆက်မှ ယနေ့တိုင် ပြုပြင်ပြောင်းလဲကျင့်သုံးလာသော ရွာဓလေ့ထုံးတမ်းများသည်လည်း ရိုးရာ ရပ်ရွာစီမံအုပ်ချုပ်သည့်ဓလေ့ထုံးတမ်းများ အပါအဝင်ဖြစ်သည်။

> " ရပ်ရွာ၏ လက်ရှိအခြေအနေပေါ်မူတည်ပြီး ရွာသူရွာသားများ ပါဝင်၍ ဆွေးနွေးသဘောတူထားသော ရွာ၏ စည်းမျဉ်းစည်းကမ်း ဥပဒေများသည်လည်း ရိုးရာဓလေ့ထုံးတမ်း ဖြစ်ပါသည်။ "

ရိုးရာဓလေ့ထုံးတမ်းကျင့်သုံးသည့်စနစ်သည် ဒေသပထဝီအနေအထား၊ ရပ်ရွာ၊ လူမှုနှင့် မတူကွဲပြားသည့် လူမှုအသိုင်းအဝိုင်း ယည်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှုများအပါအဝင် အဆိုပါအားလုံး၏ မတူကွဲပြားမှုများကို အခြေခံကာ နိုင်ငံများအတွင်းရှိ တစ်ရွာနှင့်တစ်ရွာ ဒေသတစ်ခုနှင့် တစ်ခု မတူကွဲပြားသည့်ရိုးရာဓလေ့တုံးတမ်း ကျင့်သုံးသည့် စနစ်အမျိုးမျိုးရှိကြသည်။

## ရိုးရာဓလေ့ထုံးတမ်းစနစ်ဖြင့် မြေယာစီမံခန့်ခွဲရေးဆိုသည်မှာ-

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် မတူကွဲပြားသည့် ပထဝီတည်ရှိမှု၊ နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ လူနေမှုဘဝနှင့် ကိုးကွယ်ယုံကြည်မှုတို့ရှိကြသည့်အတွက် မတူကွဲပြားသည့် ဓလေ့နှင့် ရိုးရာများရှိကြသည်၊ ထို့ကြောင့် 'ဓလေ့ထုံးတမ်း' ဆိုသည့် ဝေါဟာရသည် နားလည်မှုလွဲခြင်းများ အလွယ်တကူဖြစ်ပေါ်စေနိုင်သည့် လွန်စွာရှုပ်ထွေးသော ဝေါဟာရဖြစ်လာသည်။ ဓလေ့ထုံးတမ်းကို ရှင်းပြပေးနိုင်မည့် အခြားဝေါဟာရများမှာ 'ဘိုးဘွား' 'ဌာနေ' 'ရိုးရာ' 'ဒေသခံ' 'သဘာဝလျှောက်တည်ရှိနေခြင်း' (သို့မဟုတ်) 'အလေ့အထ'နှင့် 'မိရိုးဖလာ' တို့ဖြစ်ကြသည်။ ဓလေ့ထုံးတမ်းဥပဒေအတွက် အားလုံးမှ သဘောတူလက်ခံထားသည့် 'ဘုံ' အဓိပ္ပါယ်ဖွင့်ဆိုချက် မရှိပေ။

ဓလေ့ထုံးတမ်းဥပဒေများသည် နေရာဒေသအလိုက် ကွဲပြားခြားနားကြသော်လည်း အောက်ပါအချက်တို့သည် ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးစနစ်များ၏ ဘုံတူညီချက်များဖြစ်ကြသည်။

## ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ် ဘုံလက္ခဏာများ-

- လူမှုအသိုင်းအဝိုင်းအပေါ် အခြေခံသည့် မြေယာစီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှုများကို အသုံးပြုသည်။
- နယ်မြေများ၊ ဘုံပိုင် (သို့မဟုတ်) အများပိုင်နယ်မြေများ လူမှုအသိုင်းအဝိုင်းတိုင်း တပ်မြေများ ပိုင်ဆိုင်ထိန်းချုပ်သည်ကို အသိအမှတ်ပြုသည်။
- သစ်တော၊ စာကျက်မြေနှင့် ရေ စသည့် သဘာဝအရင်းအမြစ်များကို စုပေါင်းပိုင်ဆိုင်ခြင်းနှင့် ထိန်းချုပ်သည်။
- လူမှုအသိုင်းအဝိုင်းကို အခြေခံသည့် ထိန်းချုပ်မှုထိရောက်စေရန် ဓလေ့ထုံးတမ်းနယ်မြေပိုင်နက်များ၏ အရွယ်အစားကို လိုအပ်သည့်အတိုင်း ပုံမှန်ပြင်ဆင်သည်။

## ထုံးတမ်းမြေယာ၊ စဉ်လာမြေယာစီမံခန့်ခွဲရေးစနစ်အတွက် လိုအပ်သည့်ဖြစ်စဉ်နှင့် အကြောင်းအရာများ-

- အမွေဆက်ခံခွင့်ဖြစ်စဉ်။
- အငြင်းပွားမှုများကို ဖြေရှင်းသည့်ဖြစ်စဉ်။
- စာရင်းပြုစုခြင်းဖြစ်စဉ်။
- မြေယာရောင်းချပိုင်ခွင့်နှင့် ငှားရမ်းပိုင်ခွင့်ဖြစ်စဉ်။
- မြေကွက်တကွက်အတွင်း မည်ကဲ့သို့သော အသုံးပြုခြင်းများ (သို့မဟုတ်) အဆောက်အဦးများကို တည်ဆောက်ပိုင်ခွင့်ရှိသနည်း။
- ဘုံပိုင်မြေယာများကို အသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (အထူးသဖြင့် သစ်တောများ)။
- အစိုးရ၊ စစ်တပ် (သို့မဟုတ်) တသီးပုဂ္ဂလများ၏ မြေယာဝယ်ယူသိမ်းဆည်းခြင်းနှင့် ကြုံတွေ့ရသည့် မြေယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများ (FPICနှင့် လျော်ကြေးသတ်မှတ်ခြင်း လုပ်ထုံးများ)။
- မြေယာအခွန်သတ်မှတ်ခြင်း။
- မြေယာစည်းမျဉ်းစည်းကမ်းများကို ဒေသအတွင်းကျင့်သုံးခြင်း (စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်ခြင်းများ၏ ပြစ်မှုပြစ်ဒဏ် ထောင်ဒဏ်/ငွေဒဏ်/ အကျိုးဆက်များအပါအဝင်)၊
- မြေယာစီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးကော်မတီဝင်များကို ရွေးချယ်သတ်မှတ်ခြင်း။
- အထက်ပါအချက်အလက်များအားလုံးကို မှတ်တမ်းတင်ခြင်း။

# REDD+ ရက်ဒ်အပေါင်းဆောင်ရွက်ရန် အလားအလာရှိသောခြေအနေ



ဒေသကိုအခြေခံသော သဘာဝသယံဇာတများ
စီမံအုပ်ချုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်
ကျေးရွာမြေအသုံးချမှုပုံစံ ဖော်ထုတ်ခြင်း။

ဒေသခံများ ပူးပေါင်းပါဝင်ရန်
အရေးကြီးပါသည်။



သဘာဝသစ်တောများ ကာကွယ်ထိန်းသိမ်းခြင်း။



ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော
တည်ထောင်ခြင်း



သစ်တောမျိုးဥယျာဉ် တည်ထောင်ခြင်း



ဒေသခံများအား သစ်တောသယံဇာတ
စာရင်းကောက်ယူခြင်းအား လက်တွေ့
ကွင်းဆင်းလေ့ကျင့်စေခြင်း။



ဒေသကိုအခြေခံသော သဘာဝသယံဇာတများ
စီမံအုပ်ချုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်
ဒေသခံများနှင့် ဆွေးနွေးတိုင်ပင်ခြင်း။



သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် တည်ထောင်ရာ၌
ဒေသခံများပါဝင်စိုင်ပျိုးခြင်း။

# ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)၏ လှုပ်ရှားမှုများ



ရင်းနှီးမြုပ်နှံမှုများနှင့် မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အခန်းကဏ္ဍအကြောင်း သဘောပေါက်ခြင်း ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ လာရောက်ပါဝင်သူများနှင့်အတူ ၂၀၁၆ အောက်တိုဘာလ၁၄ရက်နေ့တွင် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခြင်း။



**REDD+** နှင့် ရာသီဥတုပြောင်းလဲခြင်း အကြောင်းအရာများဆိုင်ရာ ဆရာဖြစ်သင်တန်းသို့ တက်ရောက်လာသူများနှင့် ၂၀၁၆ အောက်တိုဘာလလ ၂၁ရက်နေ့တွင် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း။



၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၇ရက်နေ့ ဖဒိုမြို့တွင် ပြုလုပ်သော ရပ်ရွာအခြေပြု **REDD+ and GPS** သင်တန်းသို့ လာရောက်ပါဝင်သူများနှင့် အမှတ်တရဓါတ်ပုံရိုက်ကူးစဉ်။



၂၀၁၆ခုနှစ် နိုင်ဝင်ဘာ ၃၀ရက်နေ့ မကွေးတိုင်း၊ ငဖဲမြို့နယ် လင်းတဲကျေးရွာတွင် ပြုလုပ်ကျင်းပသော ရပ်ရွာအခြေပြု REDD+နှင့် ကျား/ မ အမြင်ဖွင့်သင်တန်းသို့ တက်ရောက်လာသူများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။



ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ မဟာဗျူဟာမြောက်ရေးဆွဲခြင်းအစီအစဉ်အား ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့တွင် စိမ်းလန်းစိုပြေဉယျာဉ်၌ ပြုလုပ်ခဲ့စဉ်။



ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုအတွက် ဌာနေတိုင်းရင်းသားများ၏ မဟာဗျူဟာ ဆွေးနွေးပွဲကို ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၂၄ရက်နေ့တွင် **MiCasa Hotel** ၌ ကျင်းပပြုလုပ်ခဲ့ပါသည်



အမျိုးသားအဆင့် ရက်ဒ်အပေါင်းတွင်ပါဝင်နိုင်ရန် ဌာနေတိုင်းရင်းသားများ၏ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှု အလေ့အထဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် ရန်ကုန်မြို့ရှိ MiCasa Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သားငါး၊ သစ်တောများနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်အား တာဝန်ခံသည့်စီမံခန့်ခွဲမှုအတွက် စေတနာ ဖြင့်တန်ဖိုးထား၍ လိုက်နာကျင့်သုံးသင့်သော လမ်းညွှန်ချက်များဆိုင်ရာ နိုင်ငံ တော်အဆင့် တတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ လ ၁၅ရက်နေ့တွင် **Kempinski Hotel**တွင် တက်ရောက်ပါဝင်ခဲ့စဉ်။



မကွေးတိုင်း၊ ငဖဲမြို့နယ် စွံတက်ကျေးရွာတွင် **GPS** အသုံးပြုနည်းအား ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်နေ့၌ လက်တွေ့ရှင်းလင်း သင်ကြားပြသနေစဉ်။



ဘာသာပေါင်းစုံနေထိုင်သော လူမှုအသိုက်အဝန်းနှင့် သတင်းရေးဆရာများ အတွက် အဆင့်မြင့်မီဒီယာသင်တန်းကို ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်နေ့မှ ၂၈ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။



ရပ်ရွာအခြေပြုဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အမြင်ဖွင့် သင်တန်းကို မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဘုံးဘောကျေးရွာ၌ ၂၀၁၇ ခုနှစ် မတ်လ ၁ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့စဉ်။



ဒေသခံဌာနေတိုင်းရင်သားများနှင့် ၂၀၁၇ခုနှစ် မတ်လ ၄ရက်နေ့၌ စွံတက် ကျေးရွာတွင် မြေပုံအတူရေးဆွဲနေကြစဉ်။




ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူတို့အတွက် မြေပြင်အချက်အလက်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို ၂၀၁၇ခုနှစ် မတ်လ ၁၂ရက်နေ့၌ **Brentwood Suites, Quezon City and KEF Dagwey Training Centre, Imugan Village** တွင် ပွိုင့်အဖွဲ့ဝင်တစ်ဦးမှ တက်ရောက်ခဲ့ပါသည်။




၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသန၌ ပြုလုပ်သော ရက်ဒ်အပေါင်းသင်တန်းတွင် ပွိုင့်အဖွဲ့မှ ပါဝင်တက်ရောက်ခဲ့ပါသည်။



ဖြကြိမ်မြောက် ရက်ဒ်အပေါင်းနည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် လုံခြုံစိတ်ချမှုအစီအမံ လမ်းပြမြေပုံဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ခုနှစ် မတ်လ ၁၈ရက်နေ့တွင် ပွိုင့်အဖွဲ့မှ ပါဝင်ဆွေးနွေးခဲ့သည်။



ပင်လောင်းမြို့တွင်ကျင်းပသော **GPS** အသုံးပြုနည်း သင်တန်းကို ၂၀၁၇ခုနှစ် မတ်လ ၁၈ရက်နေ့၌ ပါဝင်တက်ရောက်ကြသူများနှင့်အတူ မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်။




**REDD+** သုတေသနဆိုင်ရာ အတွေ့အကြုံများဝေမျှခြင်းသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ခုနှစ် မတ်လ ၂၃ရက်နေ့၌နေပြည်တော်ရှိ အမရာဟိုတယ်တွင် ပွိုင့်အဖွဲ့မှ တက်ရောက်ပါဝင်ခဲ့သည်။




**RECOFT**သစ်တောစီမံအုပ်ချုပ်မှုနှင့် ပြည်သူလူထု၏ အခန်းကဏ္ဍဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့မှ ၂၀၁၇ခုနှစ် မတ်လ ၂၆ရက်နေ့တွင် ပါဝက်တက်ရောက်ခဲ့စဉ်။



မြန်မာနိုင်ငံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုသည့် အဓိက သက်ရှိဇီဝတို့၏ နေရင်းဒေသများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ခုနှစ် မတ်လ ၂၈ရက်နေ့၌ နေပြည်တော်ရှိ အမရာဟိုတယ်တွင် တက်ရောက်ပါဝင်ခဲ့သည်။



၂၀၁၇ခုနှစ် မတ်လ ၂၈ရက်နေ့တွင် Diamante ကျေးရွာရှိ ဌာတိုင်းရင်းသူအမျိုးများမှ လက်မှုပစ္စည်းများအား ပြသနေစဉ်။



အမေဇုံတောရှိ Diamante ရွာသို့ လှေဖြင့် ၂၀၁၇ခုနှစ် မေလ ၁၂ ရက်တွင် သွားရောက်လည်ပတ်စဉ် တွေ့ရသော အမေဇုံတောနှင့် Madre de Dios မြစ်၏ ကမ်းစပ်တစ်နေရာ။



အမေဇုံတောရှိ Diamante ရွာသို့ လှေဖြင့် ၂၀၁၇ခုနှစ် မေလ ၁၂ ရက်တွင် သွားရောက်လည်ပတ်စဉ် တွေ့ရသော အမေဇုံတောနှင့် Madre de Dios မြစ်။



မြေယာအခွင့်အရေးသင်တန်းကို ၂၀၁၇ခုနှစ် မေလ၁ရက်နေ့မှ ၄ရက်နေ့အထိ လင်းတဲကျေးရွာတွင်ပြုလုပ်ခဲ့စဉ်။



"ဒေသခံအစုအဖွဲ့ပိုင်သစ်တော" သင်တန်းကို **FLU**နှင့် ပွိုင့်မှ ၂၀၁၇ခုနှစ် မေလ ၅ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့ရှိ နမ်ခမ်းကျေးရွာ၌ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဆားပြင်ရွာ မြေပုံရေးဆွဲရာတွင် ပူးပေါင်းပါဝင်ကြသော ဒေသခံတိုင်းရင်းသားများနှင့် အတူတကွ ၂၀၁၇ခုနှစ် မေလ ၁၅ရက်နေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။



မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများအတွက် ရက်ဒ်အပေါင်းအကောင်အထည်ဖော်မှုဆိုင်ရာ အမျိုးသားအဆင့် စွမ်းဆောင်မှုသင်တန်းကို ၂၀၁၇ခုနှစ် မေလ ၁၆ရက်နေ့တွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပခဲ့သည်။



မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားများအခွင့်အရေး ရပိုင်ခွင့်အတွက် လှုပ်ရှားကြိုးပမ်းနေကြသော အဖွဲ့အစည်းများအချင်းချင်း မျှဝေသင်ယူခြင်း အစည်းအဝေးကို ၂၀၁၇ခုနှစ် မေလ ၂၆ရက်နေ့တွင် ရန်ကုန်မြို့ရှိ **Royal Pavilion Hotel**၌ ကျင်းပခဲ့သည်။



**ECDF**နှင့် ပို့င့်အဖွဲ့တို့ ပူးပေါင်းစီစဉ်သော မီဒီယာသင်တန်းကို၂၀၁၇ ခုနှစ် မေလ ၁၅ရက်နေ့မှ ၁၉ရက်နေ့အထိ ပြုလုပ်ကျင်းပခဲ့စဉ် အဖွဲ့လိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း။



(၆)ကြိမ်မြောက် အရပ်ဖက်လူမှုအဖွဲ့အစည်းဖိုရမ်နှင့် (၇)ကြိမ်မြောက် အာစီယံလူမှုသစ်တောအလုပ်မှုဆောင်အဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးနိုင်ရန်အတွက် နိုင်ငံအဆင့် အကြိုတွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၇ခုနှစ် မေလ ၃၅ရက်နေ့၌ ရန်ကုန်မြို့ရှိ စိမ်းလန်းစိုပြေဉယျာဉ်တွင် ပြုလုပ်ကျင်းပခဲ့စဉ်။



ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့်ပြုလုပ်သော ရေရှည်တည်တံ့သော မြေယာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ခုနှစ် ဇွန်လ ၁၂ရက်နေ့တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ပို့င့်အဖွဲ့မှ ပါဝင်ဆွေးနွေးခဲ့သည်။



၂၀၁၇ ခုနှစ် ဇွန်လ ၈ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ကျင်းပသော (၇)ကြိမ်မြောက် အာဆီယံလူမှု သစ်တောအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။






ဗီယက်နမ်နိုင်ငံတွင် ကျင်းပသော မဲခေါင်အဆင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဆိုးကျိုးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ မဲခေါင်ဆွေးနွေးပွဲမှ ၂၀၁၇ခုနှစ် ဇွန်လ ၁၅ရက်နေ့တွင် ပို့ဂ်အဖွဲ့ဝင်တစ်ဦးမှ တက်ရောက်ခဲ့စဉ်။



အာရှဒေသတွင်း ရက်ဒ်အပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်တွင် ဌာနေတိုင်းရင်းသားများ၏ စေ့စပ်ညှိနှိုင်းမှုအတွေ့အကြုံများ ဖလှယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်စဉ် အဖွင့်မိန့်ခွန်းစကားအား စီမံကိန်းနှင့် စာရင်းအင်းသစ်တောဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ထွန်းမှ ပြောကြားစဉ်။




အာရှဒေသတွင်း ရက်ဒ်အပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်တွင် ဌာနေတိုင်းရင်းသားများ၏ စေ့စပ်ညှိနှိုင်းမှုအတွေ့အကြုံများ ဖလှယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို သစ်တောဦးစီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ လွှတ်တော်အမတ်များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များမှ ပါဝင်တက်ရောက်ခဲ့ပြီး ၂၀၁၇ခုနှစ် ဇွန်လ ၁၉ရက်နေ့ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ဆင်အခြေပြု သဘာဝခရီးသွား လုပ်ငန်းတည်ရှိရာ ဖိုးကျားဆင်စခန်းသို့ အာရှဒေသတွင်း **REDD+** အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ကွင်းဆင်းလေ့လာခဲ့စဉ်။








၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ပဲခူးရိုးမဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဇရဲပေါက်ကျေးရွာရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ တောပျက်များအား ပြန်လည်ပြုစုထိန်းသိမ်းခြင်းနှင့် **REDD+** လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိသည့် ဒေသအခြေအနေများနှင့် ပတ်သက်၍ သစ်တောသုတေသန ဦးစီးအရာရှိ ဦးပြည့်ဖြိုးမောင်က ရှင်းလင်းပြောကြားခဲ့စဉ်။

# ပွိုင့် ( ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )မှ ပုံနှိပ်ထုတ်ဝေမှုများ

## ဘာသာစကား (၃)မျိုးဖြင့် ကာတွန်းရုပ်ပြစာအုပ်




ပွိုင့်အဖွဲ့သည် ကျွန်ုပ်တို့ရဲ့ ဘဝလမ်းများ၊ ရှင်သန်ရပ်တည်မှုများကာတွန်းရုပ်ပြစာအုပ်ကို ကရင်ဘာသာ၊ ကချင်ဘာသာနှင့် မြန်မာဘာသာ စသည်ဖြင့် ထုတ်ဝေထားပါသည်။

## ဌာနေတိုင်းရင်းသားများနှင့် သက်ဆိုင်သည့် အကျဉ်းချုံးစာတမ်းများ



ကာကွယ်စောင့်မှုဆိုင်ရာ
သတင်းအချက်အလက်များစနစ်



ကာဗွန်နှင့် မသက်ဆိုင်သည့်
အကျိုးကျေးဇူးများ




သစ်တောလုပ်ပိုင်ခွင့်နှင့်
ပိုင်ဆိုင်ခွင့် အခွင့်အရေးများ

## ရုပ်ပြဗီဒီယို ဒီဗီဒီအခွေများ





ဌာနေတိုင်းရင်းသားများ၏ စကားသံများ




ရာသီဥတုပြောင်းလဲခြင်းအကြောင်းတစေ့တစောင်း


# ပိုစတာများ




လယ်ယာ၊ နယ်မြေနှင့် သဘာဝ
သယံဇာတပိုင်ဆိုင်ခွင့်များ



UNDRIP ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီ
ချက်တွင် နားလည်လက်ခံထားသော ဒေသခံတိုင်း
ရင်းသားများ၏ အသိပညာဗဟုသုတများ



လွတ်လပ်သော ကြိုတင်အသိပေး
တိုင်ပင်မှုနှင့် လူထုသဘောထားရယူမှု




ဒေသခံတိုင်းရင်းသူများ၏ အခွင့်အရေး
(CEDAW)





အာဆီယံအစိုးရများ လူ့အခွင့်အရေးဆိုင်ရာ
ကော်မရှင်နှင့် ဒေသခံတိုင်းရင်းသားများ



ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏
အခန်းကဏ္ဍနှင့် ပံ့ပိုးမှုများ




အခြေခံမြေတိုင်းတာခြင်းနှင့်
**GPS** အသုံးပြုခြင်း





သင့်အခွင့်အရေး အတွက်
သင်ယူရင်းလေ့ကျင့်ပါ





ကာဗွန်အကြောင်း လေ့လာသိရှိခြင်း



မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများစောင့်ရှောက်ထားသည့်နယ်မြေများ (ICCAs) အလုပ်ရုံဆွေးနွေးပွဲ၏ အကျဉ်းချုပ်





Shifting Cultivation and REDD+ in Myanmar




Shifting Cultivation in Myanmar: Cause Studies From Southern Shan State and Bago Division




၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ အမျိုးသားမြေအသုံးချမှုမူဝါဒမှ ကောက်နုတ်ထားသော အပိုင်း(၈) တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှုအခွင့်အရေးများ (မြန်မာ - အင်္ဂလိပ် - အရှိုချင်း)


တိုင်းရင်းသားလူမျိုးများ၏
အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ
The Ethnic Rights Protection Law

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈။ )
(The Pyidaungsu Hluttaw Law No.8, 2015)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(The 7th Waxing of Taboung, 1376 M.E.)

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)
24th February, 2015

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

Promotion Of Indigenous and Nature Together
ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

FOR PEOPLE
FOR NATURE

**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း စလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄
ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether
အင်တာနက်လိပ်စာ / www.pointmyanmar.org
အီးမေးလ် / point.org.mm@gmail.com